## မာတိကာ


နိဒါန်း ၁
အခန်း (၁)
ရှေးဟောင်းကမ္ဘာမှ စစ်ခေါင်းဆောင်များ ၃
-ဆွန်ဇူး (၅၄၄ ဘီစီ - ၄၉၆ ဘီစီ) ၃
-အလက်ဇန္ဒားသဂရိတ် (၃၅၆ ဘီစီ - ၃၂၃ ဘီစီ)
မက်စီဒိုးနီးယားဘုရင်နှင့်ပါရှားအင်ပါယာစေကာရာဇ် ၆
-အဖိုင်းရပ်စ်ဘုရင်ဖဲရပ်စ် (၃၁၉ ဘီစီ - ၂၇၂ ဘီစီ) ၁၄
-ဒါရီးယပ်စ် ( - ၃၃၀ ဘီစီ) (ပါရှန်ဘုရင်) ၁၇
-ဆက်ပီရိုအာဖရိကန်နပ် (၂၃၆ ဘီစီ - ၁၈၃ ဘီစီ) ၂၁
-ဟန်နီဘောဘာဂါ (၂၄၇ ဘီစီ - ၁၈၂ ဘီစီ) (ကာသေ့စစ်သူကြီး) ၂၇
-ဂျူးလီယက်ဆီဇာ (ဂျူလိုင် ၁၃၊ ၁၀၀ ဘီစီ - မတ် ၁၅၊ ၄၄ ဘီစီ)
(ရောမစစ်ဗိုလ်ချုပ်နှင့် အာဏာရှင်) ၃၃
-အာထီလ (၄၀၆ အေဒီ - ၄၅၃ အေဒီ) (ဟန်အင်ပါယာစေကာရာဇ်) ၄၀

အခန်း (၂) ၄၄
ခရူးဆိတ်စစ်သူရဲများ၊ ရဲတိုက်ကြီးများနှင့် နောမိတ်များ ၄၄
-ဘယ်လစ်ဆာရီးယပ်စ် (၅၀၀ အေဒီ - ၅၆၅ အေဒီ)
(ဘိုင်ဇန်တိုင်စစ်ဗိုလ်ချုပ်) ၄၄
-ခါလစ်အယ်လ်ဝါလစ် (၅၉၂ အေဒီ - ၆၄၂ အေဒီ)
အာရပ်စစ်ဗိုလ်ချုပ် ၄၇
-ရှားလမိန်း (ဧပြီ ၂၊ ၇၄၂ အေဒီ - ဇန်နဝါရီ ၂၈၊ ၈၁၄ အေဒီ)
ဖရန့်ခ်ဘုရင်နှင့်စေကာရာဇ် ၄၉
-ဆာလာဒင် (၁၁၃၈ - မတ် ၄၊ ၁၁၉၃)
အီဂျစ်နှင့်ဆီးရီးယားစစ်ဘုရင် ၅၃
-ကျင်ဂျစ်ခန် (၁၁၆၂ - ၁၂၂၇) (မွန်ဂိုစစ်ဘုရင်) ၅၉
-တီမူး (ဧပြီ ၈၊ ၁၃၃၆ - ဖေဖော်ဝါရီ ၁၈၊ ၁၄၀၅) စစ်ဘုရင် ၆၂
-မဟာရာမင်းသားအက်ဒဝက် (ဇွန် ၁၅၊ ၁၃၃၀ - ဇွန် ၈၊ ၁၃၇၆)
(အင်္ဂလိပ်မင်းသား) ၆၈

အခန်း (၃)
အန္တရာယ်ပြောင်းလဲလာသောစစ်ပွဲများ ၇၂
-ဆူလေမန် (နိုဝင်ဘာ ၆၊ ၁၄၉၄ - စက်တင်ဘာ ၇၊ ၁၅၆၆)
အော်တိုမန်ဆူလတန် ၇၃
-အိုဒါနော့ဘူနဂ (ဇွန် ၂၃၊ ၁၅၃၄ - ဇွန် ၂၁၊ ၁၅၈၂) ဂျပန်ဒိုင်မျိုး ၇၆
-ရီတွန်ရှင်း (ဧပြီ ၂၈၊ ၁၅၄၅ - ဒီဇင်ဘာ ၁၆၊ ၁၅၉၈)
ကိုရီးယားရေတပ်ဗိုလ်ချုပ် ၈၁
-ဟာနန်ကော်လတဲ (၁၄၈၅ - ဒီဇင်ဘာ ၂၊ ၁၅၄၇) စပိန်စစ်ဘုရင် ၈၆
-ဂုစတာ့်အဒေါ့ဖ် (ဒီဇင်ဘာ ၁၉၊ ၁၅၉၄ - နိုဝင်ဘာ ၁၆၊ ၁၆၃၂)
ဆွီဒင်ဘုရင် ၉၂

အခန်း (၄) ၁၀၀
အာဏာရှင်ဘုရင်များနှင့် ဘော်လန်တီယာစစ်သားများ ၁၀၁
-မာဘိုရောဒ်မြို့စားကြီး (မေ ၂၆၊ ၁၆၅၀ - ဇွန် ၁၆၊ ၁၇၂၂)
အင်္ဂလိပ်တပ်မှူး ၁၀၄
-ဂျော့ရှ်ဝါရှင်တန် (ဖေဖော်ဝါရီ ၂၂၊ ၁၇၃၂ - ဒီဇင်ဘာ ၁၄၊ ၁၇၉၉)
(အမေရိကန်စစ်ဦးစီးချုပ်နှင့်သမ္မတ) ၁၁၀
-နပိုလီယံဘိုနာပတ် (ဩဂုတ် ၁၅၊ ၁၇၆၉ - မေ ၅၊ ၁၈၂၁)
ပြင်သစ်စစ်ဗိုလ်ချုပ်နှင့်ဧကရာဇ် ၁၁၃
-ဝယ်လင်တန်မြို့စားကြီး (မေ ၁၊ ၁၇၆၉ - စက်တင်ဘာ ၁၄၊ ၁၈၅၂)
(ဗြိတိသျှတပ်မှူး) ၁၂၀
-ဟိုရေးရှိုးနယ်လ်ဆန် (စက်တင်ဘာ ၂၉၊ ၁၇၅၈ - အောက်တိုဘာ ၂၁၊ ၁၈၀၅)
(ဗြိတိသျှရေတပ်ဗိုလ်ချုပ်) ၁၂၇

အခန်း (၅)
အင်ပါယာနှင့်စက်မှုနည်းပညာ ၁၃၁
-ဟားမင်ဘွန်မော့ကီး (အောက်တိုဘာ ၂၆၊ ၁၈၀၀ - ဧပြီ ၂၄၊ ၁၈၉၁)
(ပရက်ရှားစစ်ဦးစီးချုပ်) ၁၃၁
-စတုန်းဝဲလ်ဂျက်ဆင် (ဇန်နဝါရီ ၂၁၊ ၁၈၂၄ - မေ ၁၀၊ ၁၈၆၃)
ကွန်ဖက်ဒရိတ်စစ်ဗိုလ်ချုပ် ၁၃၇
-ရောဘတ်လီ (ဇန်နဝါရီ ၁၉၊ ၁၈၀၇ - အောက်တိုဘာ ၁၂၊ ၁၈၇၀)
ကွန်ဖယ်ဒရိတ်စစ်ဗိုလ်ချုပ် ၁၄၁
-ယူလီဆီးဂရန့် (ဧပြီ ၂၇၊ ၁၈၂၂ - ဂျူလိုင် ၂၃၊ ၁၈၈၅)
ယူနီယံစစ်ဗိုလ်ချုပ်နှင့်ယူအက်စ်သမ္မတ ၁၄၇
-တိုဂိုဟတ်ချိရော (ဇန်နဝါရီ ၂၇၊ ၁၈၄၈ - မေ ၃၀၊ ၁၉၃၄)
ဂျပန်ရေတပ်ဗိုလ်ချုပ် ၁၅၂

အခန်း (၆) ၁၅၈
ခေတ်သစ်တိုက်ပွဲများ ၁၅၈
-ဂျွန်မိုနာ့ရှ် (ဇွန် ၂၇၊ ၁၈၆၅ - အောက်တိုဘာ ၈၊ ၁၉၃၁)
ဩစတြေးလျားစစ်ဗိုလ်ချုပ်နှင့် အင်ဂျင်နီယာ ၁၅၈
-ရွမ်မဲလ် (နိုဝင်ဘာ ၁၅၊ ၁၈၉၁ - အောက်တိုဘာ ၁၄၊ ၁၉၄၄)
ဂျာမန်စစ်ဗိုလ်ချုပ် ၁၆၂
-ဂျော့ဂျ်ဇူးကော့ဗ် (ဒီဇင်ဘာ ၁၊ ၁၈၉၆ - ဇွန် ၁၈၊ ၁၉၇၄)
ဆိုဗီယက်မာရှယ် ၁၆၆
-မောင်ဂိုမာရီ (နိုဝင်ဘာ ၁၇၊ ၁၈၈၇ - မတ် ၂၄၊ ၁၉၇၆)
ဗြိတိသျှဖီးလ်မာရှယ် ၁၇၁
-ဂျော့ချ်ပက်တန် (နိုဝင်ဘာ ၁၁၊ ၁၈၈၅ - ဒီဇင်ဘာ ၂၁၊ ၁၉၄၅)
ယူအက်စ်စစ်ဗိုလ်ချုပ် ၁၇၈


## နိဒါန်း

လူသမိုင်း၏ အရုဏ်ဦးမှသည် စစ်ပွဲများ ရှိလာခဲ့ရာ၊ စစ်ပွဲများနှင့်အတူ စစ်သူရဲကောင်းတွေလည်း ပေါ်ထွန်းလာလေသည်။ မိမိတို့၏ တိုင်းပြည်၊ လူမျိုး၊ သွေးမျိုးစုတို့၏ ကံကြမ္မာများအတွက် သေရေးရှင်ရေးတမျှ လိုအပ်နေချိန်တွင် စစ်သူရဲကောင်းတို့သည် တိုက်ပွဲခေါ်သံကို နားစွင့်၍ ၎င်းတို့၏ ကိုယ်စွမ်းကိုယ်စနှင့် သေနင်္ဂဗျူဟာ ကျွမ်းကျင်မှုတွေကို ပြသတတ်ကြသည်။ စစ်ပွဲတို့၏ အရှုံးနှင့် အနိုင်ကို စစ်ခေါင်းဆောင်တို့က ပြဌာန်းကြရာ၊ ခေါင်းဆောင်တို့၏ ကိုယ်ရည်ကိုယ်သွေးတို့သည်ကား စစ်တပ်တစ်တပ်လုံး၏ အသက်ဝိညာဉ်သဖွယ် ဖြစ်လေသည်။ စစ်ပွဲတို့သည် ထူးခြားထက်မြက်သော စစ်ခေါင်းဆောင်တို့ကို ဖန်တီးခဲ့သလို၊ စစ်ခေါင်းဆောင်တို့ကလည်း ထူးခြားသော တိုက်ပွဲကြီးတွေကို ဖန်တီး၍ သမိုင်းတွင် ရစ်ခဲ့ကြသည်။ စစ်မြေပြင်များသည် စစ်ခေါင်းဆောင်တို့ကို အရှုံး၊ အနိုင်နှင့်အတူ အသစ်အသစ်သော သေနင်္ဂဗျူဟာ၊ နည်းဗျူဟာများကိုပါ သင်ကြားပေးလေသည်။

ယနေ့ သမိုင်းစာမျက်နှာများတွင် ကမ္ဘာ့ ညီးမော်ကွန်းတင်ရစ်စေသော ခေါင်းဆောင်အချို့သည် အချိန်အခါ၏ တောင်းဆိုမှုကြောင့် စစ်ပွဲကြီးတွေကို ဦးဆောင်တိုက်ခိုက်ရင်း အောင်ပွဲများ ဆောင်ကျဉ်းပေးခဲ့ကြသလို၊ အချို့ကမူ ၎င်းတို့၏ ပြင်းပြသော ရည်မှန်းချက်နှင့် သွေးဆာနေသော အာလယတို့ကြောင့် စစ်ဘုရင်တွေ ဖြစ်လာကြလေသည်။ အချို့စစ်ဘုရင်များမှာ လွန်လေပြီးသော နှစ်ပေါင်း (၁၀၀၀) ကျော်မှ ထင်ရှားခဲ့သော်လည်း၊ ၎င်းတို့၏ လုပ်ရည်ကိုင်ရည် စွမ်းဆောင်ရည်များကား ယနေ့တိုင် မှတ်ကျောက်တင်နေဆဲ . . . . .။

ကျော်လွန်ခဲ့သော ရာစုနှစ်များ တစ်လျှောက် တိုက်ပွဲနှင့် စစ်မြေပြင်တို့သည်လည်း အသွင်အမျိုးမျိုး ပြောင်းလဲ၍ လူမှုစီးပွားရေးနှင့် နိုင်ငံရေး အပြောင်း



အလဲတွေနည်းတူ နည်းပညာသစ်များနှင့် ဆန်းသစ်လာကြလေသည်။ ယနေ့တွင်မူ တပ်မှူး၊ တပ်မင်းတို့သည် စစ်မြေပြင်သို့ ကိုယ်တိုင်ကိုယ်ကျ သွားစရာမလိုတော့ဘဲ မိုင်ထောင်ပေါင်းများစွာ အဝေးတစ်နေရာမှ ထိန်းချုပ်ကွပ်ကဲလာကြသည်။ သို့တိုင် သမိုင်းတစ်ချိန်ကမူ တပ်မင်းတို့သည် စစ်မြေပြင်တွင် မိမိရဲဘော်၊ ရဲမက်တို့နှင့် ရင်ချင်း၊ ကျောချင်းအပ်ကာ ရန်သူကို တိုက်ခိုက်ချေမှုန်း၍ အောင်ပွဲတို့ကို ရယူကြရသည်။ စစ်မြေပြင်သည် စစ်ခေါင်းဆောင်တို့၏ မှားဘက်တော်ပင်ဖြစ်သည်။ သမိုင်းတွင်ခဲ့သော တပ်မှူး၊ တပ်မင်း၊ စစ်ဘုရင်အများစု၏ တောက်ပသော ကိုယ်ရည်ကိုယ်သွေးများမှာ သမိုင်းသုတေသီတို့ကို ကျော်လွန်၍ နောင်လူတို့အတွက် စံပြုစရာတွေ၊ အတုယူစရာတွေ ဖြစ်လာကြသည်။

သမိုင်းတွင်ခဲ့သော တပ်မှူး၊ တပ်မင်း၊ စစ်ဘုရင်များမှာ အတုမဲ့သော သူရသတ္တိနှင့် နိုင်ကျဉ်သော ယုံကြည်ချက်တို့ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်ဆိုသော်လည်း အချို့ကမူ တိုက်ပွဲမှတစ်ဆင့် စစ်သူရဲကောင်းတွေ ဖြစ်လာသလို၊ အချို့ကမူ အာဏာရှင်တွေဖြစ် လာကြသည်။ အချို့တပ်မှူး၊ တပ်မင်းများမှာ တိုင်းပြည်ကပေးအပ်သော တာဝန်ကို အပြည့်အဝ ဦးလည်မသုန် ထမ်းခဲ့ကြသူတွေဖြစ်သည်။ အလက်ဇန္ဒားသဂရိတ်၊ ဟန်နီဘောဘာကာ၊ ဂျူးလီးယက်ဆီဇာ စသည်ဖြင့် တစ်ချိန်တစ်ခါက ထင်ရှားခဲ့သော စစ်ဘုရင်များ၏ နည်းဗျူဟာ၊ မဟာဗျူဟာများနှင့် သူတို့တိုက်ခဲ့သော တိုက်ပွဲများမှာ ခေတ်အဆက်ဆက် မဟာဗျူဟာပညာရှင်များနှင့် တပ်မှူး၊ တပ်မင်းတို့အတွက် စံထားလေ့လာစရာ သင်ခန်းစာများဖြင့် တန်ဖိုးရှိနေဆဲ . . . .။

ယခုစာအုပ်မှာမူ ရှေးခေတ်၊ အလယ်ခေတ်နှင့် ခေတ်သစ်ကာလများအတွင်း သမိုင်းဝင်တိုက်ပွဲကြီးများမှ သမိုင်းတင်ကျန်ရစ်ခဲ့ကြသော တပ်မှူး၊ တပ်မင်း၊ စစ်ခေါင်းဆောင်တို့၏ လုပ်ရည်ကြံရည်၊ ရဲရင့်သတ္တိ၊ ယုံကြည်ချက်နှင့် ၎င်းတို့၏ အထုပ္ပတ္တိ သံခိပ်တို့ကို စုစည်းတင်ပြအပ်ပေသည်။

❖❖ ❖❖